# ခွဲခြားဆက်ဆံမှု ပပျောက်ရေးနေ့

၁။ ခွဲခြားဆက်ဆံမှု ပပျောက်ရေးနေ့တွင်၊ ကျွန်ုပ်တို့သည် လူသားမိသားစု၏ ကွဲပြားမှုကို ဂုဏ်ပြုပြီး လူမျိုး၊ ဘာသာ၊ လိင်စိတ်တိမ်းညွတ်မှု၊ ကျား-မ ကွာခြားမှုနှင့် အခြား အခြေအနေများတွင်လည်း မခွဲခြားဘဲ လူတိုင်းကို ဂုဏ်သိက္ခာနှင့် လေးစားမှုဖြင့် ဆက်ဆံသည့် ကမ္ဘာတစ်ခုအပေါ် ကျွန်ုပ်တို့၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ ယခုနှစ်၏ ခွဲခြားဆက်ဆံမှု ပပျောက်ရေးနေ့ဆောင်ပုဒ်မှာ "လူတိုင်း၏ ကျန်းမာရေးနှင့် လူတိုင်း၏အခွင့်အရေးကိုကာကွယ်ရန်" ဖြစ်ပါသည်။ ဤဆောင်ပုဒ်သည် လူတိုင်းတွင် ၎င်းတို့၏ နောက်ခံ သို့မဟုတ် မည်သူမည်ဝါဖြစ်သည်ကို မခွဲခြားဘဲ တူညီသော ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အရေးများ နှင့် လူ့အခွင့်အရေးများရရှိစေရန် သေချာစေရေး၏ အရေးပါမှုကို မီးမောင်း ထိုးပြ ပါသည်။

၂။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုသည် အဓိကပြဿနာဖြစ်သည်။ စစ်အစိုးရသည် အားနည်းသူများ (ဥပမာ- ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ) တိုင်းရင်းသား လူနည်းစုများ၊ ဘာသာရေးအုပ်စုများနှင့် LGBTIQ များကို ပစ်မှတ်ထား၍ ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ နေ့စဉ် ကျူးလွန်လျက်ရှိပါသည်။ အာဏာသိမ်းမှု သည် မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက အမြစ်တွယ်နေခဲ့သည့် ခွဲခြားဆက်ဆံခံရမှုများကို ပိုမိုဆိုးရွားစေပါသည်။ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သာမန်လူ တန်းစားများ သည် အာဏာသိမ်းမှု နှင့် ၎င်း၏ နောက်ဆက်တွဲ ရလဒ်များကို ပိုမိုပြင်းထန်စွာ ခံစားခဲ့ကြရသည်။

၃။ အာဏာသိမ်းမှုသည် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းဖြစ်စေခဲ့ပြီး သန်းနှင့်ချီသောလူများ နေရပ်စွန့်ခွာကာ အကူအညီများ လိုအပ်နေပါသည်။ အကြမ်းဖက်စစ်ကောင်စီသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ပြင်းထန်စွာ ကန့်သတ်ထားပါသည်။ စိန်ခေါ်မှုများ ရှိနေသော်လည်း မြန်မာနိုင်ငံသူ/နိုင်ငံသားများသည် စစ်အုပ်ချုပ်ရေးကို ဆက်လက် တွန်းလှန်နေကြဆဲ ဖြစ်ပါသည်။

၄။ ခွဲခြားဆက်ဆံမှု ပပျောက်ရေးနေ့တွင်၊ လူတိုင်းကို ဂုဏ်သိက္ခာနှင့် လေးစားမှုဖြင့် ဆက်ဆံသည့် ပတ်ဝန်းကျင်များ ပေါ်ပေါက်ရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အမြစ်တွယ်လာခဲ့သော ခွဲခြားဆက်ဆံသည့် အလေ့အထများကို အဆုံးသတ်ပြီး ပြည်သူအားလုံး၏ လူ့အခွင့်အရေးကို လေးစား လိုက်နာသည့် ပြည်သူ့အစိုးရတစ်ရပ်ပေါ်ပေါက်ရေးအတွက် အကြမ်းဖက်စစ်ကောင်စီအား အမြစ်ပြတ် တွန်းလှန်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

- Magway Region Human Rights Network (MHRN)
- Women Lead Resource Center (WLRC)
- Youth Empowerment (YE)